## နည်းလွန်းလို့

အစုစပ် ကုမ္ပဏီပိုင်ရှင် လူငယ်မူဆလင် နှစ်ယောက်မှာ ဘဏ်စာရင်း ဖွင့်လိုက်ရပါတယ်။ ဘာသာရေး ဗဟုသုတ အားနည်းပေမယ့် မလွဲရှောင်သာ ကြုံလာရတဲ့ ဘဏ်တိုးကြောင့် အကြောက်တရားနဲ့ နေမထိထိုင်မသာ ဖြစ်နေရလို့– ဆရာကြီးတွေဆီမှာ ဓမ္မသတ်တွေ မေးမြန်းခဲ့ပါတယ်။

ဒါပေမယ့် သူတို့နှစ်ယောက်မှာ တစ်ယောက်က ဆွန်နီ၊ တစ်ယောက်က ရှီယာ ဆိုတော့ ရလာတဲ့ ဓမ္မသတ်တွေက ကွဲလွဲနေတဲ့အပြင် အချို့ ဆရာကြီးတွေက ဘဏ်ဖွင့်တာကိုက အပြစ်တစ်ခုကို ကျူးလွန်မိသလို ပြန်ဖြေတာတွေလဲ ကြုံရပါတယ်။

နောက်ဆုံး။ နှစ်ဦး သဘောတူ– ဆုံးဖြတ်ပြီး ဆွန်နီလူငယ်က ဆော်ဒီ ဘုရင်ကြီးဆီကို၊ ရှီယာ လူငယ်က အီရန်ဘာသာရေး ဥသျှောင်ကြီးဆီကို လိပ်မူပြီး–

“ခေါင်းဆောင်ကြီးများချင်ဗျာ– ခေါင်းဆောင်ကြီးများမှာ ဘဏ်စာရင်း ဖွင့်ထားပါသလား၊ ဘဏ်တိုးတွေကိုကော စားကြပါသလား၊” လို့ မေးလိုက်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင်၊ ပြန်စာနှစ်စောင် တချိန်တည်းမှာ ရောက်လာပါတယ်။ သူငယ်ချင်းနှစ်ယောက် အားရပါးရ ဖွင့်ဖတ်လိုက်တော့၊ “ဟာ” ကနဲ အာမေဋိတ်သံ ပြိုင်တူ ထွက်သွားကြတယ်။

ခေါင်းဆောင်ကြီး နှစ်ဦးရဲ့ ဓမ္မသတ်တွေက “၏၊ သည် မလွဲ” တစ်ထပ်တည်း တူနေလို့ပါ။

**“ကျုပ်တို့မှာ ဘဏ်စာရင်းတွေ ရှိပါတယ်၊ အတိုးမစားဘူး –––––––––––(မှင်နဲ့ ဖျက်ထားတဲ့နေရာ)–––––––––––––၊”**
ဆရာအငယ်အနှောင်းတွေ ကွဲလွဲနေသလောက် တကယ့် အဓိပတိ ခေါင်းဆောင်ကြီးတွေကြတော့ တူညီနေလိုက်တာလို့ စိတ်ဝင်တစား စေ့စေ့ စပ်စပ် ဖတ်ရင်း–ဖတ်ရင်းနဲ့ လက်နဲ့ ပွတ်မိပြီး မှင်ပျက်လာတော့ စာသားတွေ ပေါ်ထွက်လာပါတယ်။

အဲ့ဒီစာမှလည်း အယူအဆမလွဲ တစ်သံတည်း–

**“နည်းလွန်းလို့။ ကျုပ်တို့က နိုင်ငံကို မောင်ပိုင်စီးပြီး အကုန်စားနေရမှ ကျေနပ်တာ”** တဲ့။

ဇဝနဉာဏ